ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly

# INFLATION REPORT

March, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွက် တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ** အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု အတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၂.၇၆** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၄၅.၁၅** ရှိပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ**၏ **အုပ်စုအားလုံး အတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၂၉** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၆၁.၃၃** နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည်ငြိမ်မှု မရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၂.၉၇** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၂.၀၇** နှင့် နှိုင်းယှဉ်ပါက **၀.၆၃%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၂၉** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၈.၈၅** နှင့်နှိုင်းယှဉ်ပါက **၈.၃၆%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၏ Core CPI မှာ ၁၄၂.၉၇ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၅.၈၅** နှင့် နှိုင်းယှဉ်ပါက **၁၃.၆၀%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၂.၇၆** ဖြစ်သဖြင့် ယခင်လအခြေအနေ ၁၇၂.၉၆ နှင့်နှိုင်းယှဉ်ပါက **၀.၁၂%** သာ**ကျဆင်းလာပါသည်။** မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ကြက်သားဈေးနှုန်း၊ ငါးအစိုနှင့် ငါးအခြောက်ဈေးနှုန်းများ၊ ပုစွန်ခြောက်ဈေးနှုန်းများ၊ ဘဲဥ၊ ကြက်ဥ၊ အချို့သစ်သီးဝလံဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက် ဈေးနှုန်းများ၊ ပဲအများစု၏ ဈေးနှုန်းများနှင့် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးခြောက် (အပု/အရှည်) ဈေးနှုန်းများ အနည်းငယ် ကျဆင်းလာပြီး ကြက်သွန်နီနှင့် ခရမ်းချဉ်သီး ဈေးနှုန်း များမှာ ပိုမို၍ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆ နှုန်းမှာ **၁၄၅.၁၅** ဖြစ်သဖြင့် ယခင်လအခြေအနေ ၁၄၄.၉၇ နှင့်နှိုင်းယှဉ်ပါက **၀.၁၂%**

မြင့်တက်လာပါသည်။ ယင်းအုပ်စု အတွင်းရှိ ကွမ်းရွက်စျေးနှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာပြီး အလားတူ ရွှေစျေးနှုန်း၊ စီးကရက်(ပြည်တွင်း)နှင့် အခြားအသုံးအဆောင် ပစ္စည်းများဖြစ်ကြသော ဂျာကင် နှင့် စက်ချုပ်ခ စျေးနှုန်းများ၊ အိမ်ငှားခ၊ ဝါး နှင့် ကျွန်းသစ်စသည့် အိမ်အသုံးအဆောင်စျေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာပါသည်။


၅။ **၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လကထက် ၂၆ ကျပ်ခန့် ကျဆင်းနေပါသည်။ ထို့အပြင် ပြည်ပမှတင်သွင်းသည့် လောင်စာဆီစျေးနှုန်းများကျဆင်းလာသကဲ့သို့ ပြည်တွင်းလောင်စာဆီစျေးနှုန်းမှာလည်း သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။


၆။ **၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင်** အခြေခံစားသောက်ကုန်များတွင် ဆန်စျေးနှုန်းများ အနည်းငယ်မြင့်တက်လာသော်လည်း စားသုံးဆီစျေးနှုန်းများ၊ ငါးအစိုစျေးနှုန်းများ ကျဆင်းလာသကဲ့သို့ လောင်စာဆီစျေးနှုန်းများသည်လည်း သိသိသာသာကျဆင်းလာသောကြောင့် စားသုံးသူစျေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၉.၂၀%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီစျေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၁.၁၅%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၈.၃၆%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီစျေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၁၃.၆၀%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)
ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



**တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်**

**(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ)**


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ နှင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၁၀ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၀ |
| သုံးသပ်တင်ပြချက် | ၁၂ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၅ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၆ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၇ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၈ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၉ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၁.၂၉ ဖြစ်ရာ ယခင်လ အခြေအနေ ၁၆၁.၃၃ နှင့် နှိုင်းယှဉ်ပါက ၀.၀၃% ကျဆင်းလာပါသည်။ ထိုအုပ်စုများအနက် အပန်း ဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စုမှာ ပြောင်းလဲမှုမရှိသော်လည်း သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုတို့၏ ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပါသည်။ သို့သော် ကျန်အုပ်စု၏ ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၇၂.၇၆ ရှိ၍ ယခင်လအခြေအနေ ၁၇၂.၉၆ နှင့် နှိုင်းယှဉ်ပါက ၀.၁၂% ကျဆင်းနေပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ၀.၈၁%၊ အမဲသား ၀.၁၀%၊ ဝက်သား ၁.၁၄%၊ ငါးခူ ၂.၆၀%၊ ငါးရံ့ ၁.၈၁%နှင့် ငါးရံ့ခြောက် ၀.၅၆% မြင့်တက်လာပါသည်။ သို့သော် မြေပဲဆီ ၀.၁၉%၊ နှမ်းဆီ ၀.၄၄%၊ စားအုန်းဆီ ၁.၀၄%၊ ကြက်သား ၀.၄၁%၊ ဘဲဥ ၀.၅၉% နှင့် ကြက်ဥ ၁.၉၄% ကျဆင်းနေပါသည်။ အလားတူစားဖိုဆောင် သုံးပစ္စည်းများဖြစ်သော အာလူးဈေးနှုန်းမှာ ၁.၆၁%၊ ကြက်သွန်နီဈေးနှုန်းမှာ ၁၁.၅၂% နှင့် ရာသီပေါ်သီးနှံ ဖြစ်သော ခရမ်းချဉ်သီးဈေးနှုန်းမှာ ၂၈.၈၇% ဖြင့် သိသိသာသာ ကျဆင်းလာပါသည်။ ထို့အပြင် ပဲအမျိုးစု၏ ဈေးနှုန်းများနှင့် အချို့ဟင်းသီးဟင်းရွက်၏ ဈေးနှုန်းများ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၇၀.၈၂ ရှိ၍ ယခင်လအခြေအနေ ၁၆၄.၆၈ နှင့်နှိုင်းယှဉ်ပါက ၃.၇၃% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော အရက်(ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး (အခြမ်း/လုံး)၊ စီးကရက်(ပြည်တွင်း) ဈေးနှုန်းများ သိသာစွာမြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၂၉.၄၄ ရှိ၍ ယခင်လအခြေအနေ ၁၂၉.၃၃ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ မိန်းမဝတ်အင်္ကျီနှင့် စက်ချုပ်ခ(အမျိုးသမီး) ဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၂၀၀.၄၉ ရှိ၍ ယခင်လအခြေအနေ ၂၀၀.၁၂ နှင့်နှိုင်းယှဉ်ပါက ၀.၁၈% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အိမ်လခနှင့်အိမ်ဆောက်ပစ္စည်းများ ဖြစ်ကြသော အိမ်ငှားခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ အုတ်၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့နှင့် ထင်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၃၃.၄၆ ရှိ၍ ယခင်လအခြေအနေ ၁၃၃.၃၂နှင့် နှိုင်းယှဉ်ပါက ၀.၁၁% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ခုတင်၊ ဗီရို၊ ဖျာ(သင်ဖြူး)၊ ခြင်ထောင်၊ ရေခဲသေတ္တာ၊ ဘက်ထရီ၊ မီးချောင်းနှင့် အိမ်အကူဈေးနှုန်းများ ဆက်လက်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၆၁.၅၅ ရှိ၍ ယခင်လအခြေအနေ ၁၆၀.၇၄ နှင့်နှိုင်းယှဉ်ပါက ၀.၅၁% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးကုသစရိတ်၊ ဆေးဈေးနှုန်းနှင့်

ဆေးရုံစရိတ်ဈေးနှုန်းများမှာ ရာသီအကူးအပြောင်းကာလဖြစ်၍ ဖျားနာသူများပြားလာသောကြောင့် ဆက်လက် မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၁၄.၆၂ ရှိ၍ ယခင်လအခြေအနေ ၁၁၇.၁၄ နှင့် နှိုင်းယှဉ်ပါက ၂.၁၅% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်တက်လျက်ရှိသော်လည်း ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၃၈၅.၅၂ ကျပ် မှ ၄၀၈၈.၂၃ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၁၄၀.၅၇ ကျပ် မှ ၃၇၆၆.၉၃ ကျပ်သို့လည်းကောင်း အသီးသီး ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၀၁.၃၈ ရှိ၍ ယခင်လအခြေအနေ ၁၀၁.၄၂ နှင့် နှိုင်းယှဉ်ပါက သိသာစွာကျဆင်းမှုမရှိပါ။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်း၊ မိုဘိုင်းလ်ဖုန်းနှင့် တယ်လီဖေးရှင်း ဈေးနှုန်းများ အနည်းငယ်သာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၂၃.၃၉ ရှိ၍ ယခင်လအခြေအနေ ၁၂၃.၃၉ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၄၀.၀၃ ရှိ၍ ယခင်လအခြေအနေ ၁၃၉.၂၆ နှင့်နှိုင်းယှဉ်ပါက ၀.၅၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော သင်တန်းကြေးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၃၇.၅၀ ရှိ၍ ယခင်လအခြေအနေ ၁၃၅.၃၄ နှင့် နှိုင်းယှဉ်ပါက ၁.၅၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် အကြော်စုံ၊ မုန့်ဟင်းခါး၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(၅) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၄၉.၂၉ ရှိ၍ ယခင်လအခြေအနေ ၁၄၈.၃၄ နှင့်နှိုင်းယှဉ်ပါက ၀.၆၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ (အမျိုးသမီး/အမျိုးသား)၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ရွှေ နှင့် လက်ဝတ်ရတနာများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၄၅.၁၅ ရှိ၍ ယခင်လအခြေအနေ ၁၄၄.၉၇ နှင့်နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက် စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၆၁.၂၉ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆန္နန်း ၁၄၈.၈၅ နှင့် နှိုင်းယှဉ်ပါက ၈.၃၆% မြင့်တက်လာပါသည်။ ဆက်သွယ်ရေးအုပ်စု၏ဈေးနှုန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက် လာခဲ့ပါသည်။

### အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆန္နန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၇၂.၇၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၆၂.၉၆ နှင့်နှိုင်းယှဉ်ပါက ၆.၀၁% ဖြင့် ယခင်လကထက် မြင့်တက်လာပါသည်။ ဆန်(ဧည့်မထ) ၀.၂၇%၊ မြေပဲဆီ ၁၀.၁၁%၊ နှမ်းဆီ ၅.၇၀%၊ စားအုန်းဆီ ၇.၆၄%၊ ဝက်သား ၈.၂၂%၊ အမဲသား ၁၂.၀၇%၊ ငါးခူ ၁၀.၉၂%၊ ငါးရံ့ ၁၁.၁၁%၊ ငါးမြစ်ချင်း ၁၉.၃၀%၊ ပုစွန်ခြောက် ၆.၀၂%၊ ငါးရံ့ခြောက် ၁၀.၈၂%၊ ရေကျိုငါးပိ ၄.၆၅%၊ ခရမ်းချဉ်သီး ၇.၈၁% နှင့် ကုလားပဲခြမ်း ၁.၂၄% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရ ပါသည်။ ထို့အပြင် ကြက်သွန်ဖြူ ၉၃.၀၈%၊ ကြက်သွန်နီ ၁၀၃.၉၈% တို့ဖြင့် သိသာ ထင်ရှားစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၇၀.၈၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၄၅.၂၇နှင့် နှိုင်းယှဉ်ပါက ၁၇.၅၉% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်ပ)၊ ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး(အခြမ်း/လုံး)၊ ဆေးရွက်ကြီး၊ စီးကရက်

(ပြည်တွင်း/ပြည်ပ)နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၂၉.၄၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလအခြေအနေ ၁၂၄.၅၅ နှင့် နှိုင်းယှဉ်ပါက ၃.၉၃% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော လုံချည် (အမျိုးသမီး/ အမျိုးသား)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆွယ်တာ၊ ခြေအိတ် နှင့် စက်ချုပ်ခ (အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ ရော်ဘာ) ဈေးနှုန်းများ မှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၂၀၀.၄၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၅၂.၃၇နှင့် နှိုင်းယှဉ်ပါက ၃၁.၅၈%ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၃၃.၄၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၂၅.၈၄ နှင့် နှိုင်းယှဉ်ပါက ၆.၀၆% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ပရိဘောဂပစ္စည်းဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် သင်ဖျူး ဖျာ၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်နှင့် လျှပ်စစ်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၆၁.၅၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၄၉.၆၅ နှင့်နှိုင်းယှဉ်ပါက ၇.၉၅% မြင့်တက်လျက်ရှိပါသည်။ ဆေးကုသခဈေးနှုန်းများ၊ ဆေးဈေးနှုန်းများနှင့်

တိုင်းရင်းဆေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၁၄.၆၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၀၉.၂၈ နှင့်နှိုင်းယှဉ်ပါက ၄.၈၉% မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီ ဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒီဇယ် တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၇.၄၆ ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ တွင် အမေရိကန်ဒေါ်လာ ၆၅.၂၃ သို့ ကျဆင်းလာပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်း မှာလည်း ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တစ်ဂါလန်လျှင် ၄၂၃၇.၅၆ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ၄၀၈၈.၂၃ ကျပ်သို့ ကျဆင်းလာပါသည်။ ပြည်ပ မှ တင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဓာတ်ဆီ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၄.၀၇ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ တွင် အမေရိကန်ဒေါ်လာ ၆၃.၀၂ သို့ ကျဆင်းလာသော်လည်း ပြည်တွင်းဓာတ်ဆီ ဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တစ်ဂါလန်လျှင် ၃၆၅၇.၈၂ ကျပ် ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ၃၇၆၆.၉၃ ကျပ်သို့ မြင့်တက်လျက် ရှိပါသည်။ ထို့အတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဘတ်စ်ကားခ၊ အငှား ယာဉ်ခများနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ် ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၀၁.၃၈ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၀၁.၇၅ နှင့် နှိုင်းယှဉ်ပါက ၀.၃၇% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များ ဝင်ရောက်မှုများပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၂၃.၃၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၁၀.၀၅ နှင့် နှိုင်းယှဉ်ပါက ၁၂.၁၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၄၀.၀၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၃၃.၈၈ နှင့် နှိုင်းယှဉ်ပါက ၄.၆၀% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၃၇.၅၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၂၆.၈၃ နှင့်နှိုင်းယှဉ်ပါက ၈.၄၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခ ဈေးနှုန်းများမှာ ယခင်နှစ်က ထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၌ ၁၄၉.၂၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၃၇.၄၄ နှင့်နှိုင်းယှဉ်ပါက ၈.၆၂% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ ၌ ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၃.၈၀%၊ လက်ဝတ်ရတနာ ၂၂.၃၉%၊ ဆံပင်ညှပ်ခ(ကျား) ၅.၉၀%၊ ဆံပင်ညှပ်ခ(မ) ၆.၉၉%၊ ကိုယ်တိုက်ဆပ်ပြာ ၆.၂၁%၊ သနပ်ခါး ၅.၃၃% နှင့် သွားတိုက်ဆေး ၉.၀၇% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၌ ၁၄၅.၁၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ အခြေအနေ ၁၂၈.၉၈ နှင့်နှိုင်းယှဉ်ပါက

၁၂.၅၄% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ မတ်လမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၁၄၈.၈၅ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၌ အစားအစာအုပ်စုဈေးနှုန်း အနည်းငယ် ကျဆင်းလာခြင်းကြောင့် ၁၆၁.၃၃ သို့ကျဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင်လည်း အစားအစာအုပ်စုဈေးနှုန်း ဆက်လက်ကျဆင်းနေခြင်းကြောင့် စားသုံးသူဈေးဆန္နန်းမှာ ရာခိုင်နှုန်း အနည်းငယ် ထပ်မံကျဆင်းလာပါသည်။


၂။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးမြို့တို့တွင် အနည်းငယ် မြင့်တက်နေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အနည်းငယ် ကျဆင်းနေပါသည်။ နှစ်အလိုက် ပြောင်းလဲမှု ရာခိုင်နှုန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄.၁၉% ဖြင့် အများဆုံးပြောင်းလဲမှုဖြစ်ပေါ်နေပြီး ချင်းပြည်နယ်တွင် ၄.၄၆% ဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ မတ်လမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ မတ်လ၌ ၇.၉၂% ရှိခဲ့ရာမှ ဆက်လက်မြင့်တက်လာရာ ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% ရှိခဲ့ပါသည်။ သို့သော် ဇွန်လတွင် ၉.၅၁% သို့ အနည်းငယ် ပြန်လည်ကျဆင်းသွားပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ သိသိသာသာ ဆက်လက်မြင့်တက်လာခဲ့ပါသည်။

သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှစ၍ ယခင်နှစ် အလားတူကာလကထက် ကုန်စည်စျေးနှုန်းတက်နှုန်းများ တဖြည်းဖြည်း လျော့နည်းလာရာ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ၈.၃၆% သို့ ရောက်ရှိလာခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူစျေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၉.၂၀% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီအထိ တစ်နှစ်ပျမ်းမျှ ၉.၀၆% နှင့် နှိုင်းယှဉ်ပါက ၀.၁၄% ဆက်လက်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ မတ်လတွင် ၇.၂၈% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းစျေးနှုန်းများ တက်နှုန်းနည်းခဲ့၍ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ခရီးသွားရာသီဖြစ်၍ ခရီးသွားလာသူများပြားပြီး လောင်စာဆီ စျေးနှုန်းများမြင့်တက်ခဲ့ခြင်းနှင့် စားသုံးကုန်စည်စျေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဒီဇင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခဲ့ပါသည်။ သို့သော် အမေရိကန်ဒေါ်လာစျေးနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ ပြည်တွင်းလောင်စာဆီစျေးနှုန်းများပါ အနည်းငယ်ကျဆင်းလျက်ရှိသော်လည်း တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခြင်းကြောင့် တိုးနှုန်းအရှိန်မြင့်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း မှာ ၉.၂၀% သို့ ဆက်လက်မြင့်တက်လာပါသည်။



၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂.၆၅% ဖြင့် ပထမ အမြင့်ဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၁၁.၈၉% ဖြင့် ဒုတိယအမြင့်ဆုံး၊ စစ်ကိုင်းဒေသကြီးတွင် ၁၁.၈၂% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွ မှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄.၁၉% ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး ချင်းပြည်နယ်တွင် ၄.၄၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေ အနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်–

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများ ကုန်ဆုံးချိန်ဖြစ်ပြီး ဆန်သစ်များထွက်ရှိချိန်ဖြစ်၍ ပစ္စည်းမှာယူရသည့် ဈေးကွက် နှင့် ဈေးကွက်ဝယ်လိုအားအပေါ်မူတည်နေခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲ နေသော နယ်မြေဒေသအခြေအနေအရ ဆန်ဝင်ရောက်မှုနှင့် တင်ပို့မှုများ နည်းပါး ခြင်းများကြောင့် ဈေးနှုန်းများ မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင် ပါဝင်သော မြေပဲဆီဈေးနှုန်း၊ နှမ်းဆီဈေးနှုန်းနှင့် စားအုန်းဆီ ဈေးနှုန်းမှာ ကျဆင်းလာပါသည်။ ပြည်ပစားအုန်းဆီတင်သွင်းသည့်ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၁၈.၃၃ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန် ဒေါ်လာ ၆၃၀.၀၆ သို့ ကျဆင်းနေသောကြောင့် ပြည်တွင်း စားအုန်းဆီဈေးနှုန်းများ ကျဆင်းနေသည်ကိုတွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အသားတိုး ကြက်မွေးမြူသူများပြားလာခြင်းကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါ သည်။ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ် ဝယ်ယူမှုများရှိနေခြင်းကြောင့် အမဲသားနှင့်

ဆိတ်သားဈေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ အလားတူ ဝက်လိုင်စင်ဈေးမြင့်တက်လာခြင်းကြောင့် ဝက်သားဈေးနှုန်းများ မြင့်တက်လာပါသည်။ အသားဈေးနှုန်းများ မြင့်တက်လာပြီး စားသုံးမှုလျော့နည်းလာ၍ ငါး စားသုံးမှု ပိုမိုများပြားလာခြင်းနှင့် ငါးမွေးမြူစရိတ် မြင့်မားလာခြင်းတို့ကြောင့် ငါးဈေးနှုန်းများ အနည်းငယ် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဥအထွက်နှုန်းများလာသောကြောင့် ဘဲဥနှင့် ကြက်ဥဈေးနှုန်းမှာလည်း ဆက်လက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီဥတုပူပြင်းလာသဖြင့် သံပုရာသီး၊ ရှောက်သီးနှင့် ချဉ်ပေါင်ရွက်ဈေးနှုန်းများ သိသာစွာ မြင့်တက်နေသော်လည်း ကျန်ဟင်းသီးဟင်းရွက်ဈေးနှုန်းများနှင့် အသီးအနှံဈေးနှုန်းများကျဆင်းလာပါသည်။ ထို့အပြင် ခရမ်းချဉ်သီးနှင့် ခရမ်းသီးဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲအခြေအနေများကြောင့် ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးလာပြီး ဈေးနှုန်းများ မြင့်တက်လာသော်လည်း ကြက်သွန်နီသစ်များ လှိုင်လှိုင်ပေါ်ချိန်ဖြစ်သည့်အပြင် မိုးကြက်သွန်ဖြစ်၍ အစိုဓာတ် အနည်းငယ် ရှိသဖြင့် နယ်စပ်တင်ပို့မှု လျော့နည်းလာသောကြောင့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ ကုလားပဲဈေးနှုန်း အနည်းငယ်ကျဆင်းနေခြင်းမှာ ကုလားပဲကို ပြည်တွင်းလုပ်ငန်းများမှ စားသောက်ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းအဖြစ်ဝယ်ယူမှုနည်းပါးလာခြင်းနှင့် ပြည်ပပို့ကုန် ပဲမျိုးစုံများ သိသိသာသာ ဝယ်ယူမှုမရှိခြင်းတို့ကြောင့် ပဲဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၅၀၁၃၇.၆၁ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၉၈% မြင့်တက်လာပြီး လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၃.၈၀% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၉.၉၇ ရှိရာမှ ၁၅၉၉.၆၂ သို့ ၂.၅၄% မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း

မြင့်တက်လာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းမှာလည်း လိုက်ပါ မြင့်တက်လျက်ရှိပါသည်။

(ဆ) လျှပ်စစ်ဓာတ်အားခဈေးနှုန်းများကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ပြောင်းလဲတိုးမြှင့် ကောက်ခံသည့်အတွက် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ကုန်ပစ္စည်းအုပ်စုဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဇ) ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၆.၄၉ မှ ၆၅.၂၃ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉.၄၁ မှ ၆၃.၀၂ သို့လည်းကောင်း အသီးသီး ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများပါ သိသိသာသာလိုက်ပါကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၆၉ ကျပ် ကျဆင်းလာသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ၂၆ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းခြင်းနှင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ သိသိသာသာ ကျဆင်းခြင်းကြောင့် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ ထို့အတူ ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့သော် ကမ္ဘာ့ရွှေဈေးနှုန်းမှာ သိသိသာသာ မြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာမူ အနည်းငယ်သာ မြင့်တက်လျက်ရှိပါသည်။ လောင်စာဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းနေခြင်းကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ ကျဆင်းလာပြီး စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်ကျဆင်းလာခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၄၈.၈၅** | **၁၆၁.၃၃** | **၁၆၁.၂၉** | **-၀.၀၃** | **၈.၃၆** | **၉.၂၀** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၆၂.၉၆** | **၁၇၂.၉၆** | **၁၇၂.၇၆** | **-၀.၁၂** | **၆.၀၁** | **၈.၈၉** |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၂၈.၉၈** | **၁၄၄.၉၇** | **၁၄၅.၁၅** | **၀.၁၂** | **၁၂.၅၄** | **၉.၇၆** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၅.၂၇ | ၁၆၄.၆၈ | ၁၇၀.၈၂ | ၃.၇၃ | ၁၇.၅၉ | ၆.၅၅ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၄.၅၅ | ၁၂၉.၃၃ | ၁၂၉.၄၄ | ၀.၀၉ | ၃.၉၃ | ၄.၈၃ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၂.၃၇ | ၂၀၀.၁၂ | ၂၀၀.၄၉ | ၀.၁၈ | ၃၁.၅၈ | ၂၂.၈၄ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၅.၈၄ | ၁၃၃.၃၂ | ၁၃၃.၄၆ | ၀.၁၁ | ၆.၀၆ | ၇.၂၈ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၄၉.၆၅ | ၁၆၀.၇၄ | ၁၆၁.၅၅ | ၀.၅၁ | ၇.၉၅ | ၈.၈၄ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၀၉.၂၈ | ၁၁၇.၁၄ | ၁၁၄.၆၂ | -၂.၁၅ | ၄.၈၉ | ၄.၄၉ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၇၅ | ၁၀၁.၄၂ | ၁၀၁.၃၈ | -၀.၀၄ | -၀.၃၇ | -၀.၆၈ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၁၀.၀၅ | ၁၂၃.၃၉ | ၁၂၃.၃၉ | ၀.၀၀ | ၁၂.၁၃ | ၁၁.၇၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၃.၈၈ | ၁၃၉.၂၆ | ၁၄၀.၀၃ | ၀.၅၅ | ၄.၆၀ | ၅.၁၃ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၆.၈၃ | ၁၃၅.၃၄ | ၁၃၇.၅၀ | ၁.၅၉ | ၈.၄၁ | ၅.၂၆ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၃၇.၄၄ | ၁၄၈.၃၄ | ၁၄၉.၂၉ | ၀.၆၄ | ၈.၆၂ | ၁၀.၁၅ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၂.၆၃** | **၁၃၅.၈၅** | **၁၄၂.၀၇** | **၁၄၂.၉၇** | **၀.၆၃** | ***၁၃.၆၀** | ***၁၁.၁၅** |

* အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဖေဖော်ဝါရီလ | ဇန်နဝါရီလ | ဖေဖော်ဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၀.၆၈ | ၁၅၇.၀၇ | ၁၅၈.၈၆ | ၁.၁၄ | ၅.၄၃ | ၃.၆၉ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၀.၉၅ | ၁၆၂.၆၇ | ၁၆၁.၁၆ | -၀.၉၂ | ၆.၇၇ | ၇.၇၄ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၅.၂၈ | ၁၄၆.၈၂ | ၁၄၆.၀၂ | -၀.၅၄ | ၇.၉၅ | ၇.၉၂ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၉၉.၄၂ | ၂၀၈.၅၀ | ၂၀၈.၃၁ | -၀.၀၉ | ၄.၄၆ | ၇.၈၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၄၈.၅၆ | ၁၅၇.၂၅ | ၁၅၇.၂၉ | ၀.၀၂ | ၅.၈၈ | ၁၁.၈၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၄.၂၀ | ၁၄၃.၁၃ | ၁၄၂.၃၄ | -၀.၅၅ | ၆.၀၇ | ၇.၅၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၄.၆၁ | ၁၅၇.၆၉ | ၁၅၇.၅၀ | -၀.၁၂ | ၈.၉၂ | ၉.၁၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၅၆.၇၇ | ၁၇၀.၀၉ | ၁၇၀.၅၁ | ၀.၂၄ | ၈.၇၆ | ၁၁.၈၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၄၁.၅၅ | ၁၅၅.၈၃ | ၁၅၅.၆၈ | -၀.၁၀ | ၉.၉၈ | ၁၀.၄၃ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၁.၇၁ | ၁၄၉.၁၈ | ၁၄၈.၄၁ | -၀.၆၅ | ၄.၇၂ | ၇.၀၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၈၄.၃၃ | ၁၉၃.၄၂ | ၁၉၃.၆၃ | ၀.၁၁ | ၅.၀၅ | ၅.၂၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၇.၉၃ | ၁၅၃.၁၀ | ၁၅၂.၅၄ | -၀.၃၇ | ၁၀.၅၉ | ၇.၉၆ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၀.၅၆ | ၁၆၉.၅၉ | ၁၆၉.၇၈ | ၀.၁၁ | ၅.၇၅ | ၆.၆၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၇.၉၈ | ၁၆၈.၅၂ | ၁၆၈.၉၇ | ၀.၂၇ | ၁၄.၁၉ | ၁၂.၆၅ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၃၃.၀၈ | ၁၄၇.၂၁ | ၁၄၆.၆၇ | -၀.၃၆ | ၁၀.၂၁ | ၈.၇၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၉.၉၆ | ၁၆၁.၈၆ | ၁၆၁.၇၈ | -၀.၀၅ | ၇.၈၈ | ၈.၄၀ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၂.၄၇ | ၁၆၂.၅၄ | ၁၆၂.၆၄ | ၀.၀၆ | ၁၄.၁၆ | ၁၂.၂၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၈.၇၅ | ၁၅၃.၁၃ | ၁၅၁.၈၇ | -၀.၈၂ | ၉.၄၆ | ၁၁.၅၉ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၄၈.၈၅** | **၁၆၁.၃၃** | **၁၆၁.၂၉** | **-၀.၀၃** | **၈.၃၆** | **၉.၂၀** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် | | ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | ဇန်နဝါရီလ (ကျပ်) | ဖေဖော်ဝါရီလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၁၅%) | ပြည် | ၁၄၈၂.၂၃ | ၁၄၉၄.၂၆ | ၁၄၉၀.၂၆ | ၀.၈၁ | ၀.၂၇ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၉၀၇.၁၀ | ၆၈၉၄.၀၆ | ၆၂၆၁.၂၃ | -၀.၁၉ | ၁၀.၁၁ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၇၄.၆၉ | ၆၈၄၄.၆၉ | ၆၄၇၅.၆၃ | -၀.၄၄ | ၅.၇၀ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၂၆၈.၂၃ | ၂၂၄၄.၆၀ | ၂၀၈၅.၃၂ | -၁.၀၄ | ၇.၆၄ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၀၂၄.၃၃ | ၆၉၉၅.၈၂ | ၇၁၄၅.၆၃ | -၀.၄၁ | -၂.၁၀ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၂၂၆.၀၁ | ၁၀၃၄၂.၂၃ | ၉၅၅၆.၇၆ | ၁.၁၄ | ၈.၂၂ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၃၁၈.၆၉ | ၁၄၃၃၂.၇၁ | ၁၂၇၈၉.၃၀ | ၀.၁၀ | ၁၂.၀၇ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၈၃၅.၁၃ | ၁၈၂၄.၃၅ | ၁၈၃၃.၄၁ | -၀.၅၉ | -၀.၄၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၈၆.၆၀ | ၁၂၆၁.၆၀ | ၁၃၄၁.၈၈ | -၁.၉၄ | -၅.၉၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၈၄၁.၆၇ | ၉၀၇၁.၁၁ | ၈၁၇၈.၃၃ | ၂.၆၀ | ၁၀.၉၂ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၈၉၃.၇၈ | ၉၀၅၄.၄၀ | ၈၁၄၉.၂၂ | ၁.၈၁ | ၁၁.၁၁ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၅၀၄.၉၁ | ၅၄၉၉.၅၅ | ၄၆၀၉.၈၂ | -၀.၁၀ | ၁၉.၃၀ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၃၉၀၆.၃၈ | ၃၃၈၂၅.၅၃ | ၃၁၉၀၃.၄၀ | -၀.၂၄ | ၆.၀၂ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၂၅၅၂.၄၅ | ၃၂၇၃၃.၈၂ | ၂၉၅၃၇.၇၅ | ၀.၅၆ | ၁၀.၈၂ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၄၅၆.၁၉ | ၃၄၆၇.၇၀ | ၃၃၁၃.၇၂ | ၀.၃၃ | ၄.၆၅ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၁၃၇.၃၉ | ၈၀၉.၀၃ | ၇၅၀.၄၂ | -၂၈.၈၇ | ၇.၈၁ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၈၉.၅၀ | ၂၃၈၂.၁၀ | ၂၃၅၂.၉၀ | -၀.၃၁ | ၁.၂၄ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၉၆.၁၈ | ၁၁၇၆.၉၁ | ၁၁၈၆.၉၅ | -၁.၆၁ | -၀.၈၅ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၉၆၆.၁၇ | ၄၁၃၅.၃၄ | ၂၁၄၁.၇၃ | ၄.၂၇ | ၉၃.၀၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၄၅၈.၈၀ | ၂၁၇၅.၆၀ | ၁၀၆၆.၆၀ | -၁၁.၅၂ | ၁၀၃.၉၈ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၇၅.၄၄ | ၅၄၈၆.၈၃ | ၅၁၉၄.၆၈ | ၀.၂၁ | ၅.၆၂ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၆၀.၈၀ | ၅၅၇၅.၇၅ | ၅၂၆၉.၄၄ | ၀.၂၇ | ၅.၈၁ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၃၈၉၉၄.၆၉ | ၁၁၅၀၁၃၇.၆၁ | ၁၀၁၀၇၀၆.၁၉ | ၀.၉၈ | ၁၃.၈၀ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၀.၁၅ | ၃၇၁.၆၆ | ၃၂၈.၆၄ | ၀.၄၁ | ၁၃.၀၉ |
| ၂၅ | မီးသွေး | | ။ | ၆၉၈.၂၅ | ၆၉၆.၅၁ | ၆၅၁.၀၉ | -၀.၂၅ | ၆.၉၈ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၃.၉၅ | ၄၅၃.၉၅ | ၄၃၅.၅၃ | ၀.၀၀ | ၄.၂၃ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၁၁.၁၁ | ၁၁၁၁.၁၁ | ၁၀၉၅.၉၁ | ၀.၀၀ | ၁.၃၉ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၃၈၅.၅၂ | ၄၀၈၈.၂၃ | ၄၂၃၇.၅၆ | -၆.၇၈ | -၃.၅၂ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၄၁၄၀.၅၇ | ၃၇၆၆.၉၃ | ၃၆၅၇.၈၂ | -၉.၀၂ | ၂.၉၈ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.၀၉ | ၈.၃၆ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation–Core Inflation) | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ |